မွန်လူ့ထုအသံ
The Mon Forum
HUMAN RIGHTS NEWSLETTER
အတွဲ(၁၀) ၊ အမှတ်(၂) ၊ ဖေဖော်ဝါရီလ ၂၈ ၊ ၂၀၂၅
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# "ကျားဖြန့်" နှိမ်နင်းမှု၏ နောက်ဆက်တွဲကို ဒေသခံပြည်သူများ ခံစားနေရ



ဖေဖော်ဝါရီ ၁၄၊ ၂၀၂၅

ကျားဖြန့်အွန်လိုင်းငွေလိမ်လုပ်ငန်းနှင့် လူကုန်ကူးမှုကို တိုက်ဖျက်နှိမ်နင်းရန်အတွက် ထိုင်းအစိုးရက ထိုင်း - မြန်မာနယ်စပ်တလျှောက်ရှိ နေရာ (၅) ခုကို ၂၀၂၅ ဖေဖော်ဝါရီလ (၅) ရက်နေ့ မနက် (၉) နာရီမှစ၍ လျှပ်စစ်မီးဖြတ်တောက်ခဲ့ပြီး လောင်စာဆီရောင်းချမှုကိုလည်း ရက်အကန့်အသတ်မရှိ တားမြစ်ပိတ်ပင်ခဲ့သည်။

ဆက်လက်ဖတ်ရှုရန် ........... စာမျက်နှာ (၄) သို့ >>>>

## Hots News

### ဖမ်းဆီးစဉ်ထွက်ပြေးသည်ဟုဆိုကာ အမျိုးသား တစ်ဦးကို စစ်ကောင်စီက ပစ်သတ်




စာမျက်နှာ ၇

### ကျိုက်မရောတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် (၁) ဦး သေဆုံး၊ (၄) ဦး ဒဏ်ရာရ




စာမျက်နှာ ၈

### တနင်္သာရီမြို့ပေါ်တွင် စစ်မှုထမ်းရန်အတွက် လူငယ် (၁၇) ဦးကို စစ်ကောင်စီက အဓမ္မဖမ်းဆီး




စာမျက်နှာ ၉

## အတွင်းဘက်မှာ ဖတ်ရှုရန်

1 အကြမ်းဖက်မှုအဖြစ် ဆက်လက်တည်ရှိနေတဲ့ မတရားဖမ်းဆီးမှုများ
စာမျက်နှာ- ၁၂

2 မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၆

3 ၂၀၂၅ ဇန်နဝါရီလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၇

4 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ- ၂၂

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# ပြည်တွင်းပြဿနာမဟုတ်ဘဲ ဒေသတွင်းပြဿနာဖြစ်လာသည့် မြန်မာနိုင်ငံက အာဏာသိမ်းမှု

## (၂၀၂၅ ဖေဖော်ဝါရီလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၂) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန် တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ ဖေဖော်ဝါရီလတွင် မြို့နယ် (၁၉) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၅၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

၂၀၂၅ ဖေဖော်ဝါရီလ (၁) ရက်နေ့သို့ ရောက်ရှိပါက စစ်တပ်က နိုင်ငံတော်အာဏာကို မတရား ရယူခဲ့သည်မှာ (၄) နှစ်တင်းတင်းပြည့်ခဲ့ပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်း မှုကင်းမဲ့နေဆဲ ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဆိုးဆိုးရွားရွား ဆက်လက်ဖြစ် ပေါ်နေဆဲ ဖြစ်သည်။

ယခုအခါတွင် မြန်မာနိုင်ငံက အာဏာသိမ်းမှုပြဿနာသည် ပြည်တွင်းပြဿနာတစ်ခုသာ မဟုတ်တော့ဘဲ အိမ်နီးချင်းနိုင်ငံများကိုပါ ရိုက်ခတ်လာသည့် ဒေသတွင်းပြဿနာတစ်ခု ဖြစ်လာပြီဖြစ်သည်။ တရားမဝင်စီးပွားရေးလုပ်ငန်းများနှင့် အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှု များကြောင့် အိမ်နီးချင်းနိုင်ငံများတွင် လူမှုစီးပွားရေးပြဿနာများ ဖြစ်ပေါ်လာသည်။

စစ်ကောင်စီလက်ထက်တွင် တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းလာပြီး အုပ်ချုပ်သူများက အကျင့် ပျက်ခြစားမှုများ အကြီးအကျယ်ကျူးလွန်နေသဖြင့် တရားမဝင်စီးပွားရေးများ ခေါင်းထောင် လာသည်။

ထိုင်း - မြန်မာနယ်စပ်တလျှောက်တွင် "အွန်လိုင်းငွေလိမ်လုပ်ငန်းများ" အနည်းဆုံး နေရာ (၃) နေရာမှ (၅) နေရာအထိ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသည်။ အဆိုပါတရားမဝင် စီးပွားရေးလုပ်ငန်းကြောင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ဖြစ်ပေါ်လာပြီး အထူးသဖြင့် လူ ကုန်ကူးမှုများ၊ အဓမ္မစေခိုင်းမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် တရားမဝင်ငွေကြေးလွှဲပြောင်းမှု များ (သို့မဟုတ်) ငွေကြေးခဝါချမှုများ ဖြစ်ပေါ်နေသည်။

အာဏာသိမ်းမှု (၄) နှစ်မြောက်တွင် လူငယ်များကို ပြည်ပထွက်ခွာခွင့်ပိတ်ပြီး စစ်တပ်ထဲသို့ အတင်းအဓမ္မသွတ်သွင်းနေသဖြင့် လူငယ်အများအပြားသည် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတဆင့် အစုလိုက်အပြုံလိုက် ထွက်ခွာနေကြသည်။

၂၀၂၅ ဇန်နဝါရီလ (၂၉) ရက်နေ့တွင် စံခလပူရီလမ်းကြောင်းမှတဆင့် ထိုင်းနိုင်ငံသို့ မတရားဝင်,ဝင်ရောက်ရန်ကြိုးပမ်းသည့် မြန်မာနိုင်ငံသား (၁၁၈) ဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ဇန်နဝါရီလ (၃၁) ရက်နေ့တွင်လည်း ကန်ချပူရီမြို့နယ် "ထောင်ဖာဖွန်" စစ်ဆေးရေးဂိတ်တွင် အထောက်အထားမဲ့ မြန်မာနိုင်ငံသား (၁၆၉) ဦးကို ထပ်မံဖမ်းဆီးခဲ့သည်။

"အခုကာလမှာ ထိုင်းဘက်က အဖမ်းအဆီးပိုလုပ်လာတယ်။ မြန်မာနိုင်ငံမှာလည်း စစ်မှုထမ်းခေါ်တာ ပိုတင်းကြပ်လာသလို ပြည်ပထွက်ခွင့်လည်း ပိတ်လိုက်တော့ ဒီဘက်လမ်းကြောင်းကို ပိုလာကြတယ်။ ဒီအချိန်မှာ ပွဲစားတွေကလည်း လုပ်စားနေကြတယ်။ လမ်းစရိတ် အများကြီးတောင်းတယ်။ အဖမ်းခံရရင် တာဝန်မယူကြဘူး" ဟု ဖြစ်စဉ်ကို သိရှိသူတစ်ဦးက ပြောသည်။

အချက်အလက်များအရ ၂၀၂၄ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ထိုင်းနိုင်ငံသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်လာသူ မြန်မာနိုင်ငံသား (၅,၄၄၉) ဦး ရှိကြောင်း သိရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ ဖေဖော်ဝါရီလ



# ကျားဖြန့်နှိမ်နင်းမှု၏ နောက်ဆက်တွဲကို ဒေသခံပြည်သူများ ခံစားနေရ




**ဖေဖော်ဝါရီ ၁၄၊ ၂၀၂၅**

ကျားဖြန့်အွန်လိုင်းငွေလိမ်လုပ်ငန်းနှင့် လူကုန်ကူးမှုကို တိုက်ဖျက်နှိမ်နင်းရန်အတွက် ထိုင်းအစိုးရကထိုင်း - မြန်မာနယ်စပ်တလျှောက်ရှိ နေရာ (၅) ခုကို ၂၀၂၅ ဖေဖော်ဝါရီလ (၅) ရက်နေ့ မနက် (၉) နာရီမှစ၍ လျှပ်စစ်မီးဖြတ်တောက်ခဲ့ပြီး လောင်စာဆီရောင်းချမှုကိုလည်း ရက်အကန့်အသတ်မရှိ တားမြစ်ပိတ်ပင်ခဲ့သည်။

ထိုသို့ဖြတ်တောက်ပိတ်ပင်မှုကြောင့် ထိုင်း - မြန်မာနယ်စပ်ရှိ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှ ဒေသခံပြည်သူများသည် လူနေမှုဘဝအခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

## သောက်သုံးရေပြတ်လပ်ခြင်း

လျှပ်စစ်မီးဖြတ်တောက်လိုက်ခြင်းကြောင့် လျှပ်စစ်မီးဖြင့်လည်ပတ်နေရသည့် သောက်ရေသန့်လုပ်ငန်းများ ရပ်နားခဲ့ရပြီး သောက်ဆုံးရေ ရှားပါးမှုများ ဖြစ်လာသည်။

ဒေသတွင်းသောက်ရေသန့်လုပ်ငန်းဖြစ်သည့် "မြပန်းသောက်ရေသန့်လုပ်ငန်း" ရပ်နားလိုက်သဖြင့် ယခင်က သောက်ရေသန့် (၁) ဘူးလျှင် (၁၀) ဘတ်ဝန်းကျင် ရှိခဲ့ရာမှ လက်ရှိအချိန်တွင် (၂၅) ဘတ်အထိ ဈေးနှုန်းမြင့်တက်လာသည့်အပြင် လိုသလောက်လည်း ဝယ်ယူ၍မယူကြောင်း ဒေသခံများက ပြောသည်။



“မီးမရတော့ ရေတင်လို့ မရဘူး။ မြို့ထဲမှာလှည့်ရောင်းနေတဲ့ ရေကားတွေဆီကနေ သောက်ရေနဲ့သုံးရေတွေ ဝယ်သုံးနေရတယ်” ဟု ဘုရားသုံးဆူမြို့ခံတစ်ဦးက ပြောသည်။

## စက်သုံးဆီဈေးနှုန်းမြင့်တက်လာခြင်း

ဘုရားသုံးဆူမြို့တွင် လျှပ်စစ်မီး (၁၀) ရက်ကျော်ကြာ ပြတ်တောက်ပြီးနောက် စက်သုံးဆီဈေးနှုန်းမြင့်တက် လာသည်။

ယခင်က စက်သုံးဆီ (၁) လီတာကို (၃၅) ဘတ်သာ ပေးဝယ်ခဲ့ရာမှ လျှပ်စစ်မီးဖြတ်တောက်ခံရပြီး နောက်ပိုင်း (၁) လီတာကို (၆၀) ဘတ်အထိ ပေးဝယ်နေရသည်။ ဈေးနှုန်းအဆမတန်မြင့်တက်လာသည့်



အပြင် စက်သုံးဆီပြတ်လပ်မှုလည်း ဖြစ်ပေါ်လာသည်။

“လက်ရှိမှာ ဘုရားသုံးဆူမြို့ပေါ်က စက်သုံးဆီအရောင်းဆိုင်အများစုက ဆီကုန်နေပြီဆိုတဲ့ ဆိုင်းဘုတ်တွေ ကပ်ထားပြီး ဆိုင်ပိတ်ထားတယ်” ဟု ဘုရားသုံးဆူမြို့ခံတစ်ဦးက ပြောသည်။

**“လက်ရှိမှာ ဘုရားသုံးဆူမြို့ပေါ်က စက်သုံးဆီအရောင်းဆိုင်အများစုက ဆီကုန်နေပြီဆိုတဲ့ ဆိုင်းဘုတ်တွေ ကပ်ထားပြီး ဆိုင်ပိတ်ထားတယ်”**

## မွန်အမျိုးသားကျောင်းများ

ထိုင်းနိုင်ငံ၏ လျှပ်စစ်မီးဖြတ်တောက်မှုဒဏ်ကို ထိုင်း - မြန်မာနယ်စပ် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသ ဂျပန်ရေတွင်းနှင့် ကြံတောရွာရှိ မွန်အမျိုးသားကျောင်းမှ ကျောင်းသားကျောင်းသူများကလည်း ခံစားနေရသည်။

"အခုက မီးမလာတော့ ရေရဖို့ ရေတွင်းမှာ သွားခပ်ရတယ်။ ရေတွင်းက ဝေးတယ်။ စာကျက်ရမယ့်အချိန်မှာ ရေခပ်ရေရှာနေရတာနဲ့ အချိန်ကုန်နေတယ်" ဟု အမျိုးသားကျောင်းဆရာတစ်ဦးက ပြောသည်။




လျှပ်စစ်မီးမရရှိသဖြင့် သင်ခန်းစာများလေ့လာရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေသည်။

"စာမေးပွဲက နီးနေပြီ။ မေးခွန်းလွှာတွေ ထုတ်ဖို့က မီးမရှိတော့ ထုတ်မရဘူး။ ကလေးတွေဆိုလည်း ညဘက်စာကျက်ရင် ဖယောင်းတိုင်နဲ့ ကျက်နေရတယ်။ ဖယောင်းတိုင်ကို သူတို့မုန့်ဖိုးနဲ့ ဝယ်ရတာ" ဟု ဂျပန်ရေတွင်းမှ ကျောင်းဆရာတစ်ဦးက ပြောသည်။

ဂျပန်ရေတွင်းကျေးရွာ မွန်အမျိုးသားကျောင်းတွင် ကျောင်းသားကျောင်းသူ (၁၅၀) ဦး ရှိပြီး ကြံတောကျေးရွာရှိ မွန်အမျိုးသားကျောင်းတွင် ကျောင်းသားကျောင်းသူ (၄၇) ဦး ပညာသင်ယူနေကြသည်။

ဘုရားသုံးဆူမြို့ကို ထိန်းချုပ်ထားသည့် ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)က လျှပ်စစ်မီးနှင့် လောင်စီဆီများကို ယခင်ကအတိုင်း ပြန်လည်ရရှိရန် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၎င်းပြင် ဘုရားသုံးဆူမြို့ရှိ ကျားဖြန့်အွန်လိုင်းငွေလိမ်လုပ်ငန်းနှင့် မတရားမဝင်လောင်းကစားဝိုင်းများကို နှိမ်နင်းမည်ဟု ကတိပေးခဲ့ပြီး တရုတ်နိုင်ငံသားများအနေဖြင့် ဖေဖော်ဝါရီလ (၂၈) နေ့နောက်ဆုံးထားပြီး မြို့မှ ထွက်ခွာကြရန် အမိန့်ထုတ်ထားသည်။




# ဖမ်းဆီးစဉ်ထွက်ပြေးသည်ဟုဆိုကာ အမျိုးသားတစ်ဦးကို စစ်ကောင်စီက ပစ်သတ်

**ဖေဖော်ဝါရီ ၁၄၊ ၂၀၂၅**

၂၀၂၅ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ညနေပိုင်းတွင် အမှတ် (၉၆) ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မလေ့ချောင်းကျေးရွာမှ အမျိုးသားတစ်ဦးကို နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးစဉ်တွင် အသက် (၅၀) အရွယ် ဦးကျော်အောင်က ထွက်ပြေးသည်ဟုဆိုကာ စစ်ကောင်စီတပ်သားများက ပစ်ခတ်ခဲ့သဖြင့် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

"ဦးကျော်အောင်က သူ့ကို ဘာကိစ္စနဲ့လာဖမ်းတယ်ဆိုတာ မသိဘူး။ သူက ဘာမှမလုပ်ဘူး၊ တောင်ယာအလုပ်ပဲ လုပ်တယ်။ ဘာမဆိုင်ဘဲ ဖမ်းပြီး ပစ်သတ်လိုက်တာ။ အခုလိုမျိုးကိစ္စက ကျွန်တော်တို့ကျိုက်ထိုမှာ အမြဲလိုလို ဖြစ်နေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဦးကျော်အောင်၏ရုပ်အလောင်းကို စစ်ကောင်စီတပ်က ယူဆောင်သွားပြီး မိသားစုဝင်များက ပြန်လည်တောင်းယူသော်လည်း ပေးအပ်ခြင်း မရှိချေ။

ဒေသခံများ၏ပြောကြားချက်အရ အမှတ် (၉၆) ခြေလျင်တပ်ရင်းသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် ဒေသခံများကို မတရားဖမ်းဆီးခြင်းများ မကြာခဏပြုလုပ်နေကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ၏ ၂၀၂၅ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ ထုတ်ပြန်ချက်အရ အာဏာသိမ်းမှုကာလအတွင်း အရပ်သားပြည်သူ (၆,၂၇၈) ဦး သတ်ဖြတ်ခံထားရကြောင်း သိရသည်။

> **"ဦးကျော်အောင်က သူ့ကို ဘာကိစ္စနဲ့လာဖမ်းတယ်ဆိုတာ မသိဘူး။ သူက ဘာမှမလုပ်ဘူး၊ တောင်ယာအလုပ်ပဲ လုပ်တယ်။ ဘာမဆိုင်ဘဲ ဖမ်းပြီး ပစ်သတ်လိုက်တာ။ အခုလိုမျိုးကိစ္စက ကျွန်တော်တို့ကျိုက်ထိုမှာ အမြဲလိုလို ဖြစ်နေတယ်"**

# ကျိုက်မရောတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် (၁) ဦး သေဆုံး၊ (၄) ဦး ဒဏ်ရာရ



**ဖေဖော်ဝါရီ ၂၁၊ ၂၀၂၅**

၂၀၂၅ ဖေဖော်ဝါရီလ (၁၉) ရက်နေ့ နေ့ခင်း (၂) နာရီခန့်အချိန်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပေါက်တောကျေးရွာမှ ရွှေ့ပြောင်း လုပ်သားမိသားစုဝင် (၅) ဦးသည် ရာဘာခြံသို့ အစေးခြစ်သွားသည့် လမ်းတွင် မြေမြှုပ်မိုင်း (၁) လုံးကို တွေ့ရှိပြီး ကောက်ယူလာခဲ့သည်။

အဆိုပါမိုင်းကို မည်သူမျှမသိရှိအောင် ဖျက်ဆီးမည်ဟု ရည်ရွယ်၍ တူဖြင့်ထုရာမှ မိုင်းပေါက်ကွဲပြီး (၁) ဦး သေဆုံးကာ (၄) ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

"မိုင်းတွေ့တာကို စစ်ကောင်စီကို ပြောရင်လည်း တော်လှန်ရေးသမား တွေနဲ့ ဆက်သွယ်နေတယ်ဆိုပြီး စွပ်စွဲခံရမှာ ကြောက်တယ်။ တော်လှန်ရေးတပ်ကို ပြောပြရင်လည်း ဒလန်လို့ စွပ်စွဲခံရမှာ ကြောက်တယ်။ အဲတော့ ဘယ်သူ့ကိုမှ မပြောဘဲ တိုးတိုးတိတ်တိတ် ဖျက်ဆီးပစ်မယ်ဆိုပြီး မိုင်းကို တူနဲ့ ထုလိုက်တာ" ဟု ဒေသခံတစ် ဦးက ပြောသည်။

မိုင်းပေါက်ကွဲမှုကြောင့် အသက် (၄၅) နှစ်အရွယ် အမျိုးသား (၁) ဦး သေဆုံးပြီး အသက် (၄၃) နှစ်အရွယ် အမျိုးသမီး (၂) ဦးနှင့် အသက် (၂၀) အရွယ် အမျိုးသား (၂) ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

"ဆုံးသွားတဲ့သူကို ဒီနေ့ (ဖေဖော်ဝါရီ (၂၀) ရက်နေ့) ပဲ သင်္ဂြိုဟ် လိုက်တယ်။ ကျန်တဲ့မိသားစုဝင်တွေကတော့ ကိုယ့်အိမ်မှာပဲ ဆေးကုနေကြတယ်။ လောလောဆယ်တော့ အကူအညီပေးမယ့်သူ မရှိသေးဘူး" ဟု အခြားဒေသခံတစ်ဦးက ထပ်ပြောသည်။

ပေါက်တောကျေးရွာအနီးတဝိုက်တွင် စစ်ကောင်စီတပ်အပြင် တော်လှန်ရေးအင်အားစုများလည်း သွားလာလှုပ်ရှားနေပြီး ယခုမြေ မြှုပ်မိုင်းသည် စစ်ကောင်စီက ထောင်ထားသည့်မိုင်းဖြစ်နိုင်ကြောင်း ဒေသခံများက ပြောသည်။

"အဲရွာက မြစ်နားနီးတော့ စစ်ကောင်စီတပ်က လှေနဲ့ မကြာမကြာ ဝင်လာတာရှိတယ်။ တချို့မိုင်းတွေ ရေထဲကျကျန်ပြီး (နုန်းမြေတွေ မှာ) နစ်နေတာလည်း ရှိတယ်။ တော်လှန်ရေးဘက်က မိုင်းထောင် တာ ရှားတယ်" ဟု ပေါက်တောကျေးရွာအနီးမှ ဒေသခံပြည်သူတစ် ဦးက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၁) ရက်နေ့တွင်လည်း ကျိုက်မရောမြို့နယ် မရမ်းကုန်းကျေးရွာအဝင်လမ်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲပြီး ခင်ပွန်း ဖြစ်သူ သေဆုံးကာ ဇနီးဖြစ်သူက ထိခိုက်ဒဏ်ရာရခဲ့သည်။

၂၀၂၅ ဇန်နဝါရီလတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှု (၄) ကြိမ်ထက် မနည်း ဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူ (၁၂) ဦး ထိခိုက်ဒဏ်ရာရခဲ့ သည်။

# တနင်္သာရီမြို့ပေါ်တွင် စစ်မှုထမ်းရန်အတွက် လူငယ် (၁၇) ဦးကို စစ်ကောင်စီက အဓမ္မဖမ်းဆီး

**ဖေဖော်ဝါရီ ၁၈၊ ၂၀၂၅**




၂၀၂၅ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် တနင်္သာရီတိုင်း မြိတ်ခရိုင် တနင်္သာရီမြို့မှ လူငယ်အမျိုးသား (၁၇) ကို စစ်ကောင်စီတပ်က ညပိုင်းအချိန်တွင် ဖမ်းဆီးသွားပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခဲ့ကြောင်း မြို့ခံများက မွန်လူထုအသံကို ပြောသည်။

အုပ်ချုပ်ရေးမှူးများနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက တနင်္သာရီမြို့ ချောင်းကြီးနှင့် ချောင်းငယ်ရပ်ကွက်များတွင် ဧည့်စာရင်းဝင်ရောက်စစ်ဆေးမည်ဟုဆိုကာ လူငယ်များကို ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်သည်။

"အဖမ်းခံရတဲ့သူတွေက မြို့ခံလူငယ်တွေပဲ။ ဆေးသုံးတဲ့သူတချို့လည်း ပါသွားတယ်။ ကျန်တဲ့သူတွေကတော့ ဘာမှလုပ်ကြတဲ့(အပြစ်မရှိတဲ့)လူတွေ မဟုတ်ဘူး။ ဒီအတိုင်းဖမ်းသွားတာ" ဟု ချောင်းငယ်ရပ်ကွက်မှ အမျိုးသားတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူများအနက် (၆) ဦးသည် မူးယစ်ဆေးဝါးရောင်းဝယ်သည်ဟု သံသယရှိခံရသူများဖြစ်ပြီး ကျန်လူငယ်များကို မည်သည့်အကြောင်းကြောင့် ဖမ်းဆီးသွားသည်ကိုမူ မသိရှိရသေးကြောင်း မြို့ခံများက ပြောသည်။

လက်ရှိတွင် လူငယ် (၁၇) ဦးကို တနင်္သာရီတံတားထိပ် အောက်ကင်းရွာအခြေစိုက် အမှတ် (၅၅၇) ခြေမြန်တပ်ရင်းတွင် ထိန်းသိမ်းထားပြီး ၎င်းတို့ကို စစ်မှုထမ်းသင်တန်း တက်ရောက်ရန် စစ်တပ်က ဖိအားပေးနေသည်ဟု အဖမ်းခံရသူများ၏မိသားစုဝင်များနှင့် နီးစပ်သူများက ပြောသည်။

> အဖမ်းခံရတဲ့သူတွေက မြို့ခံလူငယ်တွေပဲ။ ဆေးသုံးတဲ့သူတချို့လည်း ပါသွားတယ်။ ကျန်တဲ့သူတွေကတော့ ဘာမှလုပ်ကြတဲ့အပြစ်မရှိတဲ့ လူတွေ မဟုတ်ဘူး။ ဒီအတိုင်းဖမ်းသွားတာ

"မိသားစုတွေဘက်က လိုက်ဆက်သွယ်တော့ စစ်မှုထမ်းရမယ်ဆိုပြီး ပြောတယ်လို့ ပြန်သိရတယ်။ ဆေးမှုနဲ့ဖမ်းတယ်ဆိုလည်း ရဲစခန်းကို လွှဲပြီး အမှုဖွင့်ရမှာလေ။ အခုတော့ အကုန်လုံးကို တပ်ရင်းထဲမှာ ဖမ်းထားတာ" ဟု ၎င်းက ပြောသည်။

စစ်မှုထမ်းနည်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း တနင်္သာရီမြို့ပေါ်တွင် ယခုကဲ့သို့ လူငယ်အများအပြားကို အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းဖြစ်ကြောင်း မြို့ခံများက ပြောသည်။

# စစ်ကောင်စီက ဆေးစွဲသူများနှင့် သူခိုးများကို ဖမ်းဆီးပြီး စစ်မှုထမ်းအဖြစ် အဓမ္မစုဆောင်း




**ဖေဖော်ဝါရီ ၂၅၊ ၂၀၂၅**

မွန်ပြည်နယ် မုဒုံမြို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့များ ပူးပေါင်း၍ မူးယစ်ဆေးသုံးစွဲသူများနှင့် သူခိုးများကို ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

"ည (၇) နာရီကျော်ရင် လိုက်ဖမ်းနေပြီ။ မြို့ပေါ်မှာ လူငယ်တွေ နည်းသထက်နည်းလာတော့ သူတို့က ဆေးစွဲသူတွေ သူခိုးတွေကို အဓိကထားဖမ်းပြီး ရောင်းစားနေကြတယ်" ဟု မုဒုံမြို့နယ်မှ အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။

စစ်မှုထမ်းသင်တန်းသားများကို အစားထိုးရန်အတွက် ဆေးစွဲသူများနှင့် သူခိုးများကို တစ်ဦးလျှင် ကျပ် (၃၅) သိန်းအထိ ရောင်းချနေပြီး ဖမ်းဆီးထားသူအချို့ကိုလည်း ကျိုက်မရောမြို့နယ်ရှိ စစ်ကောင်စီတပ်ရင်းများသို့ ပို့ဆောင်နေသည်။

"မုဒုံမြို့မှာ လူငယ်တွေက မနက်နဲ့ နေ့ခင်းပိုင်းမှာတောင် သတိနဲ့ သွားလာနေကြရတယ်။ ည (၇) နာရီနောက်ပိုင်းဆို တစ်ယောက်မှ အပြင်မထွက်ကြတော့ဘူး" ဟု မုဒုံမြို့မှ လူငယ်တစ်ဦးက ပြောသည်။

၂၀၂၄ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် မုဒုံမြို့၌ ပွဲလမ်းသဘင်တစ်ခုမှ ပြန်လာသည့် လူငယ်တစ်ဦးကို စစ်ကောင်စီ၏ အမှတ် (၂၁၀) ခြေမြန်တပ်ရင်းက ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခဲ့သည်။

စစ်မှုထမ်းသင်တန်းသား ရရှိရန် ရှန်းကန်နေရသည့် စစ်ကောင်စီက အုပ်ချုပ်ရေးမှူးများကို ဖိအားပေးကာ လူငယ်များကို အကြောင်းအမျိုးမျိုးဖြင့် မတရားဖမ်းဆီးစေပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် စုဆောင်းလျက်ရှိသည်။

# တရားဥပဒေစိုးမိုးမှု အားနည်းလာချိန်တွင် ဒေသန္တရအာဏာပိုင်များက လောင်းကစားဝိုင်းများ ဖွင့်လှစ်ပြီး ဝင်ငွေရှာနေ

**ဖေဖော်ဝါရီ ၁၈၊ ၂၀၂၅**

၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်း မွန်နှင့် တနင်္သာရီအပါအဝင် မြန်မာတနိုင်ငံလုံးတွင် တရားဥပဒေစိုးမိုးမှု အားနည်းလာလျက်ရှိသည်။ အဆိုပါအခြေအနေကို အခွင့်ကောင်းယူ၍ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ ဒေသန္တရအာဏာပိုင်များက ဘုရားပွဲများ၊ ဇာတ်ပွဲများ၊ ရိုးရာနတ်ပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများကို ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်များတွင် လောင်းကစားဝိုင်းများကို ရည်ရွယ်ချက်ချက်ရှိရှိ ထည့်သွင်းလာပြီး အဆိုပါလောင်းကစားလုပ်ငန်းမှတဆင့် အပိုဝင်ငွေများ ရှာဖွေလျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်၊ မုဒုံ၊ ရေးနှင့် ချောင်းဆုံမြို့နယ်များတွင် ပွဲလမ်းသဘင်များကို နေ့စဉ်ရက်ဆက် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်။ အဆိုပါပွဲတော်များတွင် လောင်းကစားဝိုင်းများဖြစ်သည့် "အနီထောင်"၊ ဖဲဝိုင်း၊ ကြက်ဝိုင်းနှင့် "ဂလုတ်ဂလုတ်" တို့ကို ထည့်သွင်းကာ စီးပွားရှာနေသည်။

"ချောင်းဆုံမှာ ပွဲမရှိတဲ့နေ့ မရှိဘူး။ ဒီရွာမှာ မရှိရင် တခြားရွာမှာ ရှိမယ်။ ပွဲတိုင်းမှာ လောင်းကစားဝိုင်းမျိုးစုံ ရှိတယ်။ ဖမ်းမယ့်သူလည်း မရှိဘူး" ဟု ချောင်းဆုံဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ရေးမြို့နယ်မြောက်ပိုင်းရှိ ဟံဂံ၊ ရင်းဒိန်း၊ ရင်းရယ်၊ ကဗျာ ဝ၊ ကဗျာကြီးနှင့် မန်ကျည်းကျေးရွာများတွင် ရိုးရာနတ်ပွဲများကို နှစ်စဉ်ကျင်းပနေပြီး အဆိုပါနတ်ပွဲများတွင်လည်း လောင်းကစားဝိုင်းများ ထည့်သွင်းရန် ခေါဇာအခြေစိုက် အမှတ် (၃၁) ခြေလျင်တပ်ရင်းက ခွင့်ပြုပေးထားသည်။

ရေးမြို့နယ်တောင်ပိုင်းရှိ လမိုင်း၊ အစင်နှင့် ဇီးဖြူတောင်တို့တွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စစ်တပ်တို့က ပူးပေါင်းပြီး လောင်းကစားဝိုင်းများကို ဖွင့်လှစ်နေကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

"အစကတော့ ရင်းရယ်ဘက်မှာ (၃) ရက်လောက် စဖွင့်တယ်။ မွန်(လက်နက်ကိုင်)က လာပိတ်လိုက်တယ်။ နောက်တော့ နယ်



ပိုင်တွေ ခွင့်ပြုလို့ ပြန်ဖွင့်လာတဲ့ပုံပဲ။ တွေ့သလောက်တော့ ဝိုင်းတွေမှာ သူတို့(စစ်ကောင်စီ)က နေ့တိုင်း ကြေးကောက်တယ်။ တစ်နေ့ဘယ်လောက်ပေးရမလဲ သတ်မှတ်ထားတာ ရှိတယ်" ဟု ရေးမြို့ခံတစ်ဦးက ပြောသည်။

ပွဲလမ်းသဘင်တစ်ခုတွင် လောင်းကစားဝိုင်းရာချီ ဖွင့်လှစ်ခွင့်ပေးထားပြီး စစ်ကောင်စီတပ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကစားဝိုင်းတစ်ခုလျှင် ကျပ် (၁) သိန်းမှ (၃) သိန်းအထိ ငွေကြေးကောက်ခံနေသည်။

တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်တွင်လည်း ၂၀၂၄ နှစ်ကုန်ပိုင်းမှစ၍ ရိုးရာနတ်ပွဲများတွင် ဖဲဝိုင်းနှင့် ကြက်ဝိုင်းများ ထည့်သွင်းလာကြကြောင်း ဒေသခံများက ပြောသည်။

"စစ်ကောင်စီအပြင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တချို့ကလည်း လောင်းကစားဝိုင်းတွေကို ခွင့်ပြုလာတယ်။ ခွင့်ပြုချက်လုပ်တာဆိုတော့ ခွင့်ပြုတဲ့အတွက် အဆင်ပြေသလို ပေးကမ်းရတာပေါ့" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခင်က လောင်းလုံးမြို့နယ်ရှိ လောင်းကစားဝိုင်းများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဖမ်းဆီးခြင်း၊ အပြစ်ပေးအရေးယူခြင်းများ ပြုလုပ်ခဲ့သော်လည်း အချို့ကျေးရွာများတွင် လောင်းကစားဝိုင်းများကို ခွင့်ပြုလာသည့်အတွက် ပြည်သူများအကြား ဝေဖန်ပြောဆိုမှုများ ရှိလာသည်။

# အကြမ်းဖက်မှုအဖြစ် ဆက်လက်တည်ရှိနေတဲ့ မတရား ဖမ်းဆီးမှုများ



မတရားဖမ်းဆီးမှုများသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စိုးရိမ်ဖွယ်ကောင်းသည့် အကြမ်းဖက်မှုအဖြစ် ဆက်လက်တည်ရှိနေသည်။ အထူးသဖြင့် လူငယ် လူရွယ်များကို စစ်ကောင်စီက ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းနေသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ အသက် (၅၀) အရွယ် ဆံသဆရာတစ်ဦးကို စစ်ကောင်စီက (၂) လကျော်ကြာ ဖမ်းဆီးထိန်းသိမ်းပြီးနောက် သတ်ဖြတ်လိုက်သည်။ မိသားစုဝင်များအတွက်မူ ဝမ်းနည်းကြေကွဲရုံမျှတစ်ပါး အခြားအဖြေ မရှိခဲ့ချေ။

ဦးမြင့်နိုင်သည် တောင်စွန်းကျေးရွာ ဘုရင့်နောင်ရပ်ကွက်မှ ဆံသဆရာတစ်ဦး ဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်း၏ဆံသဆိုင်ကို ဝင်ရောက်စီးနင်းကာ အကြောင်းပြချက်မရှိ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ထိုနေ့မှစ၍ မိသားစုဝင်များက ၎င်း၏သတင်းကို မကြားသိ ရတော့ချေ။ ၂၀၂၅ ဇန်နဝါရီလ (၃၁) ရက်နေ့ ဖမ်းဆီးခံရပြီး (၂) လကျော်အကြာတွင် ဦးမြင့်နိုင်သည် စစ်ဆေးမေးမြန်းစဉ် သေဆုံးသွားခဲ့ကြောင်း သတင်းများထွက်ပေါ်လာသည်။

"သူ့အတွက် ပြောစရာစကားတောင် မရှိတော့ဘူး။ အဖမ်းခံထားရချိန်မှာ သေသွားတာလို့ပဲ ကြားလိုက်ရတယ်" ဟု မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

အဖမ်းခံရပြီးနောက်ပိုင်း မိသားစုဝင်များက ၎င်း၏သတင်းကို အပြင်းအထန် လိုက်လံရှာဖွေ ခဲ့သည်။ ရဲစခန်းသို့ သွားရောက်မေးမြန်းရာ ၎င်းတို့က စစ်တပ်က ဖမ်းခေါ်သွားကြောင်း ပြောသည်။ ထို့နောက် မည်သည့်နေရာတွင် ဖမ်းဆီးထားသည်၊ အခြေအနေမည်သို့ရှိသည်ကို မသိရှိရတော့ချေ။



မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

အာဏာမသိမ်းမီအချိန်တွင် ဦးမြင့်နိုင်သည် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ပြီး ၎င်း၏ အချိန်အများစုကို ပရဟိတလုပ်ငန်းများတွင်သာ အသုံးပြုခဲ့သည်။ အာဏာသိမ်းပြီးနောက် ဆံသဆရာတစ်ဦးအဖြစ် အသက်မွေးနေသည်။ ၎င်း၏မိသားစုသာမက ဒေသခံပြည်သူများကပါ အဘယ်ကြောင့်အဖမ်းခံရသည်ကို မသိရှိကြသကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင် ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကိုလည်း မသိရှိကြချေ။

၎င်း၏သေဆုံးမှုသည် ပွင့်လင်းမြင်သာမှု မရှိသည်ကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီသည် မတရားဖမ်းဆီးမှုများ၊ အစအနဖျောက်မှုများနှင့် ဖမ်းဆီးထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှု များကို မြန်မာနိုင်ငံတဝန်းလုံးတွင် ကျူးလွန်နေကြောင်း ထင်ရှားနေသည်။

သရက်ချောင်းမြို့နယ်မှ အမျိုးသမီး (၃) ဦးကို စစ်ကောင်စီတပ်သားများနှင့် အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များက ထားဝယ်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ဖမ်းဆီးသွားသည်။

ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ထားဝယ်မြို့မရဲစခန်းအနီးရှိ “အလှသစ်” ဈေးဝယ်စင်တာ၌ ဖမ်းဆီးသွားခြင်း ဖြစ်သည်။

အမျိုးသမီး (၃) ားသည် မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှ ပြန်လာစဉ်တွင် စစ်သားများနှင့် အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များက အိမ်စီးကားဖြင့် ရောက်ရှိလာပြီး ၎င်းတို့ကို ဖမ်းခေါ်သွားသည်။

ဖမ်းဆီးခံရသူများမှာ မဇင်မာစိုး၊ မမီးအိနှင့် မဖြူဇင်ဖြိုးတို့ ဖြစ်ကြပြီး အသက် (၂၀) မှ (၂၅) နှစ်ဝန်းကျင်များဖြစ်ကြကာ သရက်ချောင်းမြို့နယ် ရန်တောင်ကျေးရွာမှ ဖြစ်ကြသည်။

“အရပ်ဝတ်ရဲနဲ့ စစ်သားတွေက အိမ်စီးကားနဲ့ လာပြီး ဖမ်းသွားတာ” ဟု သရက်ချောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။ ဖမ်းဆီးချိန်တွင် ၎င်းတို့၏ မော်တော်ဆိုင်ကယ် (၂) စီးကိုလည်း သိမ်းယူသွားသည်။

ဖမ်းဆီးပြီးနောက် အမျိုးသမီးများကို ထားဝယ်ခရိုင်ရဲစခန်းတွင် ထိန်းသိမ်းထားပြီး နောက်ပိုင်းတွင် ထားဝယ်မြို့မရဲစခန်းသို့ လွှဲပြောင်းချုပ်နှောင်ခဲ့သည်။

ဇန်နဝါရီလ တစ်လတည်းတွင်ပင် စစ်ကောင်စီက ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်များအပါအဝင် ဒေသခံပြည်သူ (၁၀၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ အဆိုပါဖမ်းဆီးမှုများကြောင့် ဒေသခံပြည်သူများ အကြားအကြောက်တရားနှင့် မလုံခြုံမှု ပျံ့နှံ့နေပြီး ဆိုးရွားလာသည့်ဖိနှိပ်အောက်တွင် ပြည်သူများ သည် ရုန်းကန်နေရသည်။

အခြားမတရားဖမ်းဆီးမှုဖြစ်စဉ်တစ်ခုတွင်လည်း တနင်္သာရီတောင်ပိုင်း မြိတ်မြို့ သက်ပြင် ရပ်ကွက်ရှိ သားသတ်ရုံတစ်ခုကို စစ်ကောင်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အမျိုးသား အနည်းဆုံး (၈) ဦးကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်းတို့ကို စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်ခဲ့ကြောင်း ဖမ်းဆီးခံရသူများနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ (၂) ရက်နေ့ ည (၈) နာရီခွဲအချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင် (၂၅) ဦးခန့်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ သားသတ်ရုံကို စစ်ဆေးမည်ဟုဆိုကာ ဝင်ရောက်လာခဲ့သည်။

အမျိုးသားအယောက် (၂၀) ဝန်းကျင်ကို မိနစ် (၄၀) နီးပါး စစ်ဆေးပြီးနောက် အမျိုးသား (၁၀) ဦးကို မူးယစ်ဆေးအမှုဖြင့် ဖမ်းဆီးခဲ့သည်။ သို့သော် ဖြစ်စဉ်ကို သိရှိသူများကမူ အဆိုပါစွပ်စွဲချက်သည် ၎င်းတို့ကို စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအဓမ္မစုဆောင်းရန် အကြောင်းပြချက်သာ ဖြစ်ကြောင်း ပြောသည်။

ဖမ်းဆီးသွားသူများကို မြိတ်မြို့ရှိ လေတပ်စခန်းသို့ ခေါ်ဆောင်သွားသည်။ ညဘက်တွင် ၎င်းတို့ကို ထားဝယ်စုရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်သွားပြီး နောက်ပိုင်းတွင် မြိတ်မြို့နယ် ရွှေဒူးကျေးရွာရှိ စစ်သင်တန်းကျောင်းသို့ စစ်မှုထမ်းသင်တန်းသားအဖြစ် ပို့ဆောင်လိုက်သည်။ ဖမ်းဆီးခံရသူများအနက်မှ (၂) ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။ တစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ မိသားစုဝင်ဖြစ်နေပြီး နောက်တစ်ဦးမှာ မသန်းစွမ်းဖြစ်နေသဖြင့် အာမခံဖြင့် လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

"သူတို့က လူဖမ်းပြီး စစ်မှုထမ်းပို့ဖို့ အကြောင်းအမျိုးမျိုးနဲ့ လာကြတာ။ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေက ဖမ်းဆီးတာကို ဦးဆောင်ကြတာ" ဟု မြိတ်မြို့ခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်မှစ၍ စစ်ကောင်စီက မြိတ်မြို့တွင် လုံခြုံရေးတင်းကြပ်ထားပြီး ညဘက်တွင် ဝင်ရောက်စီးနင်းမှုများနှင့် ဖမ်းဆီးမှုများကို လုပ်ဆောင်နေသည်။ ညှော်စာရင်းစစ်ဆေးသည် ဟူသော ခေါင်းစဉ်အောက်တွင် နေအိမ်များကို မကြာခဏ ဝင်ရောက်စီးနင်းပြီး ဖမ်းဆီးမှုများကို လုပ်ဆောင်နေသည်။ ဒေသခံပြည်သူများအကြား အကြောက်တရားနှင့် မသေချာမှုများ ကြီးစိုးနေသည်။

အဆိုပါဖမ်းဆီးမှုများတွင် လူငယ်များကို ပစ်မှတ်ထားနေသည်။ ရေဖြူမြို့နယ် ကံပေါက်အခြေစိုက် မောရဝတီရေတပ်က အသက် (၁၇) နှစ်အရွယ် ယောက်ျားလေးတစ်ဦးကို ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီးနောက် သတင်းအစအန ပျောက်ဆုံးသွားသည်။

ဆယ်ကျော်သက်ယောက်ျားလေးဖြစ်သူ ကိုဟိန်းသည် ဖားချောင်းကျေးရွာအုပ်စု တောင်ရင်းအင်း ကျေးရွာမှ ဖြစ်ပြီး သူငယ်ချင်း (၂) ဦးနှင့်အတူ ဂန့်ဂေါကျေးရွာကို ဆိုင်ကယ်ဖြင့် သွားစဉ် စစ်ကားတစ်စီးဖြင့် ကင်းလှည့်နေသည့် မောရဝတီရေတပ်မှ စစ်ကောင်စီတပ်သားများက ရပ်တန့်စစ်ဆေးခဲ့သည်။

စစ်ဆေးပြီးနောက် သူငယ်ချင်းဖြစ်သူ (၂) ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း ကိုဟိန်းကိုမူ ဖမ်းဆီးခေါ်ဆောင်သွားသည်။

"စစ်ဆေးနေတုန်း သူ့ဖုန်းမှာ ဘာတွေ့သွားလဲ မသိဘူး။ ဖမ်းသွားပြီးတော့ ဘာသတင်းမှလည်း မကြားရတော့ဘူး။ သူ့မိသားစုကတော့ သူ့သတင်းကို လိုက်စုံစမ်းနေတာပေါ့။ ဒါပေမဲ့ ဘာမှမထူးဘူး" ဟု မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

မိသားစုဝင်များသည် ၎င်း၏သတင်းကို ဖေဖော်ဝါရီလ (၁၂) ရက်နေ့အထိ မကြားသိရချေ။ လိုက်လံမေးမြန်းစုံစမ်းနေသော်လည်း အာဏာပိုင်များထံမှ အကြောင်းပြန်ချက်တစ်စုံတရာ မရရှိခဲ့ချေ။

အာဏာသိမ်းပြီးနောက်ပိုင်း မောရဝတီရေတပ်က ဖမ်းဆီးသွားသူအများအပြားသည် သတင်းအစအန ပျောက်ဆုံးနေကြောင်း ဒေသခံများက ပြောသည်။ မည်သည့်နေရာသို့ ဖမ်းဆီးသွားသည်၊ အသက်ရှင်လျက်ရှိသည် မရှိသည်ကို မသိရှိနိုင်ချေ။

၂၀၂၄ ခုနှစ်တွင်လည်း အဆိုပါဒေသမှ သက်ကြီးပိုင်းအမျိုးသားတစ်ဦးကို မောရဂတီရေတပ်က ဖမ်းဆီးခဲ့သေးသည်။ အလောင်းပြန်လာယူရန် စစ်တပ်က မဆက်သွယ်ခင်အချိန်အထိ ၎င်း၏ သတင်းအစအနကို မိသားစုဝင်များက မသိရှိရချေ။ အထက်ပါကဲ့သို့သော အခြေအနေများက ကာယကံရှင်မိသားစုဝင်များကို အကြောက်တရားနှင့် မသေချာမှုများတွင် နေထိုင်နေစေခြင်း ဖြစ်သည်။ ၎င်းတို့ချစ်ခင်ရသည့်မိသားစုဝင်က "သေသလားရှင်သလား" မသိရှိနိုင်သည့်အပြင် နောက်တစ်ဖန် ပြန်လည်ဆုံတွေ့နိုင်မည်လား ဆိုသည်မှာလည်း မသေချာချေ။

၎င်းပြင် မွန်ပြည်နယ် ရေးမြို့နယ်မြောက်ပိုင်း အမှတ် (၁၀၆) ခြေမြန်တပ်ရင်းက ဖမ်းဆီးသွားသည့် သားအဖနှစ်ဦးမှာလည်း (၂) လကျော်ကြာ ပျောက်ဆုံးနေပြီး မိသားစုဝင်များက ၎င်းတို့၏ လုံခြုံရေးအတွက် အလွန်အမင်းစိုးရိမ်ပူပန်နေသည်။

၂၀၂၄ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက အသက် (၅၄) နှစ်အရွယ် ကိုစိုးနှင့် ဇနီးဖြစ်သူ မိဂုတို့ကို မော့ကနင်ကျေးရွာအနီးတွင် ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် အသက် (၂၃) နှစ်အရွယ် သမီးဖြစ်သူ မသင်းသင်းစိုးကို နေအိမ်တွင် ထပ်မံဖမ်းဆီးခဲ့သည်။

မိဂုကို ဖမ်းဆီးပြီး (၂) ပတ်အကြာတွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကိုစိုးနှင့် မသင်းသင်းစိုး တို့ကိုမူ မိသားစုဝင်များနှင့် အဆက်အသွယ်လုပ်ခွင့်မပေးဘဲ ဆက်လက်ထိန်းသိမ်းထားသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ကူညီထောက်ပံ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်ပြီး နေအိမ်ကိုလည်း ဝင်ရောက်စီးနင်း ရှာဖွေခဲ့သည်။ "မသင်းသင်းစိုးကတော့ လက်ရှိမှာ အမှတ် (၅၈၈) ခြေမြန်တပ်ရင်းမှာ အဖမ်းခံထားရတယ်။ ကိုစိုးကိုတော့ မော်လမြိုင်က တပ်ရင်းတစ်ခုမှာ ထိန်းသိမ်းထားတယ်။ အဖမ်းခံရတဲ့ နေကလည်း သူတို့ကို ရိုက်နှက်တယ်၊ ရေနွေးနဲ့ ပက်တယ်၊ နေပူလှန်းပြီး နှိပ်စက်တယ်" ဟု မိသားစု၏ ရင်းနှီးသည့်မိတ်ဆွေတစ်ဦးက ပြောသည်။

ဖခင်နှင့် သမီးဖြစ်သူကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲရန် စီစဉ်ထားသည်ဟု သိရသော်လည်း တရားဝင်ထုတ်ပြန်ချက် မရှိသေးချေ။


ဒေသခံများ၏ ပြောပြချက်အရ ၎င်းတို့ကို ဖမ်းဆီးမှုသည် နိုင်ငံရေးကိစ္စထက် ငွေကြေးအငြင်းပွားမှု ပြဿနာကြောင့်သာ ဖြစ်ကြောင်း သိရသည်။ ကိုစိုး၏သားဖြစ်သူသည် အမှတ် (၁၀၆) တပ်ရင်းမှ တပ်မှူးနှင့်ရင်းနှီးသူ အမျိုးသမီးတစ်ဦးထံမှ ငွေကျပ်သိန်း (၂၀၀) ချေးယူခဲ့ပြီး နေ့စဉ်အတိုးပေးရန် ပျက်ကွက်ခဲ့သည်။ ၎င်းအမျိုးသမီးက သူတို့မိသားစုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပတ်သက်သည်ဟု တိုင်ကြားခဲ့ပြီးနောက် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ထိုကဲ့သို့ စွပ်စွဲခံနေရသော်လည်း ကိုစိုးတို့မိသားစုသည် နိုင်ငံရေးကိစ္စနှင့် ပတ်သက်ဆက်နွယ် နေခြင်း မရှိချေ။ ၎င်းတို့သည် ကွမ်းသီးရောင်းဝယ်ရေး၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာဘာပင် ရောင်းဝယ်ရေးတို့ဖြင့် စီးပွားရေးလုပ်ကိုင်နေသူများ ဖြစ်သည်။

၂၀၂၅ ဇန်နဝါရီလအထိ စစ်ကောင်စီက မွန်ပြည်နယ်တဝန်းလုံးမှ ဒေသခံပြည်သူ (၅၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ ၂၀၂၄ ဒီဇင်ဘာလ တစ်လတည်းတွင် ရေးမြို့နယ်မှ ဒေသခံပြည်သူ (၁၇) ဦး ဖမ်းဆီးခံခဲ့ရပြီး (၁၁) ဦးကို နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

**ဇန်နဝါရီ နှင့် ဖေဖော်ဝါရီလ ၂၀၂၅**




မွန်ပြည်နယ် - ၂ ကြိမ်

ကရင်ပြည်နယ် - 0 ကြိမ်

တနင်္သာရီတိုင်းဒေသ - ၅ ကြိမ်




အမျိုးသား - ၆ ဦး(၄ ဦးဒဏ်ရာရ/ ၂ ဦးသေဆုံး) ၊ အမျိုးသမီး - ၆ ဦး(၅ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၁ ဦးဒဏ်ရာ

# ၂၀၂၅ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း

21

5

11

5

ဒဏ်ရအနာတရ ရရှိသူ စုစုပေါင်း (၂၁) ဦး၊ အမျိုးသမီး(၁၁)ဦး၊အမျိုးသား(၅)ဦး၊ ကလေးသူငယ်(၅)ဦး


8

2

6

0

သေဆုံးသူ စုစုပေါင်း (၆) ဦး၊ အမျိုးသမီး(၆)ဦး၊အမျိုးသား(၂)ဦး၊ ကလေးသူငယ်(၀)ဦး




# ၂၀၂၅ ဖေဖော်ဝါရီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၅

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ ဖေဖော်ဝါရီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၈၂) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၃၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၂၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။



# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဖေဖော်ဝါရီလ ၂၀၂၅

## Kyike Hto Township

1. Artillery attack and Injured
2. Killed

## Bilin Township

1. Air Assault & destroy house
2. Air assault and injured

## Chaung Zone Township


1. Youth issues

## Mawlamyine Township- 4 cases

1. Collects HH list
2. Education issues- 2 times
3. Livelihood

## Mudon Township

1. Arbitrarily arrested
2. Arrested local civilians




## Thaton Township

1. Arbitrarily arrested

## Kyaikmayaw Township

1. Extort money
2. Landmine injured
3. Livelihood

## Ye Township(6) cases

1. Fled home and IDPs-2 times
2. Killed
3. Education issus
4. Dead body
5. Extorted money

## Thanbyuzayat


1. Rape case

**Total Cases in Mon State - 22 Cases**

မွန်လူထုအသံ

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဖေဖော်ဝါရီလ ၂၀၂၅

## Karen State




**Total Cases**
**10 cases**

### Kaw Ka Rate Township

1. Artillery attack and killed
2. Worry of armed clashes
3. Artillery Attack and injured

### Kyarinnseikyi Township

1. Burn down house
2. Arrested local civilians
3. Air assaults and burns house
4. Air assault injured

### Hpa-An Township


1. Fled home & IDPs

### Three Pagoda Pass Town

1. Livelihood

### Phar Pon Township

1. Air Strike and Fled home



# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဖေဖော်ဝါရီလ ၂၀၂၅

### Yephyu Township


1. Arrested local's civilians
2. Artillery attack and killed

### Lon Long Township

1. Property of Right
2. Arrested local civilians

### Tha Yet Chaung

1. **Artillery attack and killed**
2. **Burn down house**




### Dawei Township-3cases

1. Landmine and injure- 2 times
2. Arrested local civilians

### Pulaw

1. Artillery Attack and injured

### Tenasserim Township

1. Health issues
2. arbitrarily arrested
3. Shot and arrested
4. Air assaults and burns house

## Total Cases - 14

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

ဖေဖော်ဝါရီလ ၂၀၂၅

## Mon State

**IDPs -28,000**

**Killed -10**

**Injured - 33**

## Karen State

**IDPs -40,000**

**Killed -11**

**Injured -37**

## Tanintharyi Region

**IDPs -57,000**

**Killed -17**

**Injured -55**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ၎င်းအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND